အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည်
ချက်ချင်းလက်ငင်းဖြစ်စေ၊ နောက်ဆိုင်း၍ဖြစ်စေရရှိမည့်
(ဒွန်ယာ၊ အာခိရသ်နှစ်ဌာနစလုံး၏ ကောင်းမှုများ)၊
ထိုကောင်းမှုများမှ ကျွန်တော်မျိုးသိသည့်
ကောင်းမှုများ‌ကော၊ မသိသည့် ကောင်းမှုများကိုပါ
အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင်
ချက်ချင်းလက်ငင်းဖြစ်စေ၊ နောက်ဆိုင်း၍ဖြစ်စေ
ကြုံတွေ့ရမည့် (ဒွန်ယာ၊ အာခိရသ်နှစ်ဌာနစလုံး၏)
မကောင်းမှုများ၊ ထိုမကောင်းမှုများမှ
ကျွန်တော်မျိုးသိသည့် မကောင်းမှုများ‌ကော၊ မသိသည့်
မကောင်းမှုများမှပါ အရှင်မြတ်ထံ ခိုလှုံပါ၏
မိခင်မွန်ကြီး အာအိရှဟ် (ရဿွိယလ္လာဟု အန်ဟာ)ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (
ဆွလ္လလ္လာဟုအလိုင်ဟိ ဝစလ္လမ်)သည် သူမအား ဤ ဒုအာကို သင်ကြားပေးတော်မူခဲ့သည်။ အို
အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် ချက်ချင်းလက်ငင်းဖြစ်စေ၊
နောက်ဆိုင်း၍ဖြစ်စေရရှိမည့် (ဒွန်ယာ၊ အာခိရသ်နှစ်ဌာနစလုံး၏ ကောင်းမှုများ)၊
ထိုကောင်းမှုများမှ ကျွန်တော်မျိုးသိသည့် ကောင်းမှုများ‌ကော၊ မသိသည့်
ကောင်းမှုများကိုပါ အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင်
ချက်ချင်းလက်ငင်းဖြစ်စေ၊ နောက်ဆိုင်း၍ဖြစ်စေ ကြုံတွေ့ရမည့် (ဒွန်ယာ၊
အာခိရသ်နှစ်ဌာနစလုံး၏) မကောင်းမှုများ၊ ထိုမကောင်းမှုများမှ
ကျွန်တော်မျိုးသိသည့် မကောင်းမှုများ‌ကော၊ မသိသည့် မကောင်းမှုများမှပါ
အရှင်မြတ်ထံ ခိုလှုံပါ၏။ အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်၏ ကျေးကျွန်နှင့်
ရစူလ်တမန်တော်က အရှင်မြတ်ထံ တောင်းခံပန်ကြားခဲ့သည့် ကောင်းမှုကို
ကျွန်တော်မျိုးလည်း အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင် အရှင်မြတ်၏
ကျေးကျွန်နှင့် ရစူလ်တမန်တော်က အရှင်မြတ်ထံ ခိုလှုံမှုပြုခဲ့သည့် မကောင်းမှုဘေး
အန္တရာယ်မှ ကျွန်တော်မျိုးလည်း အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ အို
အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်ထံ ဂျန္နသ်သုခဘုံနှင့်
ထိုဂျန္နသ်သုခဘုံနှင့် နီးကပ်အာင်ပြုလုပ်ပေးမည့်အပြောအဆို၊ လုပ်ရပ်များကို
တောင်းခံပန်ကြားပါ၏။ ထို့ပြင် ကျွန်တာ်မျိုးသည် ဂျဟန္နမ်ငရဲမီးနှင့်
ထိုဂျဟန္နမ်ငရီမီးနှင့် နီးကပ်စေမည့် အပြောအဆို၊ လုပ်ရပ်များမှ အရှင်မြတ်ထံ
ခိုလှုံပါ၏။ ထို့ပြင် ကျွန်တော်မျိုးအတွက် အရှင်မြတ် သတ်မှတ်ဆုံးဖြတ်တော်မူသည့်
ဆုံးဖြတ် ချက်တိုင်းကို ကောင်းမွန်သည့်အရာအဖြစ်ပြုလုပ်သတ်မှတ်ပေးရန်
ကျွန်တော်မျိုး အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။

[صحيح] [رواه ابن ماجه وأحمد]

وَأَسْأَلُكَ أَنْ تَجْعَلَ كُلَّ قَضَاءٍ قَضَيْتَهُ لِي خَيْرًا)

https://sunnah.global/hadeeth/my/show/5487